# Republic of the Union of Myanmar
# The National-Level Central Committee on Prevention, Control and Treatment of COVID-19
## Announcement to people residing in Rakhine State
### 8th Waxing of Wagaung, 1382 ME
(26 August 2020)

1. The Ministry of Health and Sports has issued Order 97/2020 dated on 26-8-2020 to announce that the whole Rakhine State has been put into 'Stay–at–Home' programme for effective control measures against the increasing confirmed cases of COVID-19 in Rakhine State.
2. The government will provide healthcare services, food supplies and the disease control measures required in Rakhine State, and that people residing in this state are to live in the respective places, and to avoid unnecessary travelling around and going outside the state.
3. People in Rakhine State are to seek approval from the respective departments and organizations for necessary travelling in case of health issues and other emergencies to other regions or states. They need to undergo medical examinations in cooperation with relevant departments and organizations at the destination place. They will also have to spend 21 days at the respective community-based facility quarantine in strictly following the orders and directives for COVID-19 control measures.
4. Action will be taken against those who fail to abide by orders and directives under the Prevention and Control of Communicable Diseases Law.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
Coronavirus Disease 2019 (COVID-19) ကာကွယ်ထိန်းချုပ်ကုသရေး
အမျိုးသားအဆင့်ဗဟိုကော်မတီမှ ရခိုင်ပြည်နယ်အတွင်းနေထိုင်သော
ပြည်သူများသို့ ပန်ကြားချက်

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)

၁။ ရခိုင်ပြည်နယ်အတွင်း COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာဦးရေ များပြားလာသဖြင့် ပြည်နယ်တစ်ခုလုံးအား ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် Stay at Home အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ၂၆-၈-၂၀၂၀ ရက်နေ့တွင် အမိန့်အမှတ် ၉၇/၂၀၂၀ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ရခိုင်ပြည်နယ်အတွင်း လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ၊ စားနပ်ရိက္ခာ ထောက်ပံ့မှုများနှင့် ရောဂါကာကွယ်တားဆီးထိန်းချုပ်ရေးဆိုင်ရာကိစ္စရပ်များအား နိုင်ငံတော်အစိုးရက အပြည့်အဝ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ရာ ရခိုင်ပြည်နယ်အတွင်း နေထိုင်သူများအနေဖြင့် မိမိနေရပ်တွင်သာနေထိုင်ကြပါရန်နှင့် ပြည်နယ်အတွင်းခရီးသွားလာခြင်းနှင့် ပြည်နယ်ပြင်ပ အခြားဒေသများသို့ ခရီးထွက်ခွာခြင်းကိုမလိုအပ်ဘဲ မပြုလုပ်ကြရန်ဖြစ်ပါသည်။

၃။ ရခိုင်ပြည်နယ်အတွင်းနေထိုင်သော ပြည်သူများအနေဖြင့် အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သို့ ကျန်းမာရေးဆိုင်ရာကိစ္စရပ်နှင့် အခြားအရေးပေါ်ကိစ္စရပ်များအတွက် မဖြစ်မနေ ခရီးသွားရောက်ရန်ရှိပါကလည်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်ရယူပြီးမှသာ သွားရောက်ကြရန်နှင့် ရောက်ရှိသည့်နေရာ၌ သက်ဆိုင်ရာတာဝန်ရှိသည့်ဌာန၊အဖွဲ့အစည်းများနှင့် ပူးပေါင်းလျက် ကျန်းမာရေးစစ်ဆေးမှုကို ကြည်ဖြူစွာခံယူပြီး ကျန်းမာရေးညွှန်ကြားချက်နှင့်အညီ သတ်မှတ်ထားရှိသော Community Based Facility Quarantine နေရာများတွင် ၂၁ ရက် နေထိုင်ကြရန်နှင့် ထုတ်ပြန်ထားသော COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အမိန့်နှင့်ညွှန်ကြားချက်များကို တိကျစွာ လိုက်နာကြပါရန် ပန်ကြားအပ်ပါသည်။

၄။ ထုတ်ပြန်ထားသော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေနှင့် အရေးယူဆောင်ရွက်ခြင်းခံရမည်ဖြစ်ကြောင်း အသိပေးပန်ကြားအပ်ပါသည်။